# Dermatology and Aesthetic Centre

## Vascular Laser

## သွေးကြောဆိုင်ရာ လေဆာကုသနည်း

### Vascular Laser ဆိုသည်မှာ

Vascular Laser သည် အရေပြားထဲရှိသွေးကြောမျှင်များကို အဓိက Target ထား၍လေဆာဖြင့် ကုသခြင်းဖြစ်ပါသည်။ သွေးကြောငယ်များကိုသာရွေးချယ်အပူပေးနိုင်သောစနစ်ကိုအသုံးပြုထားသောကြောင့် ဘေးပတ်ဝန်းကျင်ရှိ အရေပြားကို မထိခိုက်စေဘဲ သွေးကြောမျှင်များကို ထိရောက်စွာ ပျောက်ကင်းစေပါသည်။

### Vascular Laser အလုပ်လုပ်ပုံ

ဤလေဆာသည်အဓိကအားဖြင့် သွေးထဲရှိအနီရောင်ဓါတ်ကို ဖြစ်စေသော Oxyhaemoglobin ကို အပူဓါတ်ဖြင့် ရွေးချယ်ပျက်စီးစေပါသည်။ (ထို့ကြောင့် သွေးကြောအပြာရောင် အစိမ်းရောင်များတွင် ကုသရခက်ခဲနိုင်ပြီးမျှော်လင့်သော ရလဒ် ရရှိရန် အချိန်ပို၍ ပေးရနိုင်ပါသည်။)

### Laser ကုသမှုသည် နာကျင်မှုရှိပါသလား?

လေဆာဖြင့်ကုသချိန်တွင် သားရေကွင်းဖြင့်ပစ်သကဲ့သို့ စပ်ဖျင်းဖျင်းဖြစ်ခြင်း၊ ပူစပ်ခြင်းများစသည့် ခံစားမှုမျိုးရရှိနိုင်ပါသည်။

### Vascular Laser နည်းပညာဖြင့် ဘယ်လိုအရေပြားရောဂါတွေကိုကုသနိုင်ပါသလဲ?

- သွေးကြောငယ်များ၊ ဆံချည်မျှင်သွေးကြောများ
- မွေးရာပါ အမှတ်များ (Port Wine Stain)
- Spider Veins
- မွေးရာပါ မှဲ့နီများ (Cherry Angiomas)
- မွေးကင်းစကလေးငယ်များတွင် ဖြစ်လေ့ရှိသောမွေးရာပါအမှတ်များ (Infantile Haemangioma)
- နှုတ်ခမ်းတွင် ဖြစ်တတ်သောအမှတ်များ (Venous Lakes)
- ခြေထောက်သွေးကြောထုံးခြင်းများ
- အမာရွတ်များ
- အကြောပြတ်ခြင်းများ (Red Stretch Marks)

### ဘယ်နှစ်ကြိမ် ကုသမှု ခံယူသင့်ပါသလဲ?

ကုသမှု အနည်းဆုံး (၃)ကြိမ် မှ (၈)ကြိမ် ထိလိုအပ်ပါသည် (တစ်ကြိမ်နှင့် တစ်ကြိမ်ကြား (၄)ပတ် မှ (၈)ပတ် အထိခြား)။ အချို့သောအရေပြား ပြဿနာများသည် ကုသရ အလွန်ခက်ခဲကာ အကြိမ်ကြိမ်ကုသသော်လည်း ပျောက်ကင်းခြင်း မရှိသည်များ ဖြစ်နိုင်သည်။ (မွေးရာပါ အမှတ်များကိုကုသရာတွင် အနည်းဆုံး (၆)ကြိမ် အထိကုသရန် လိုအပ်ကာ လုံး၀ ပျောက်ကင်းသွားခြင်းမရှိဘဲ မူလအခြေနေထက် ပိုသက်သာလာခြင်းသာရရှိမည်ဖြစ်ပါသည်။)

## Vascular Laser ဖြင့်ကုသခြင်းကြောင့် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများမှာ

- နီမြန်းခြင်း၊ ရောင်ရမ်းခြင်း
- သွေးခြေဥခြင်း
- အရည်ကြည်ဖုထခြင်း
- ကုသသောနေရာတွင် အမဲရောင် (သို့မဟုတ်) အညိုရောင်ဖြစ်ခြင်း
- ကုသသောနေရာတွင် အရောင်ကွက်၍ဖြူသွားခြင်း
- အရေပြားပါးခြင်း
- အမာရွတ်ဖြစ်ခြင်း

## ဘယ်လိုလူတွေ လေဆာကုသမှု မခံယူသင့်ပါသလဲ?

- ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များ
- ကုသမည့် နေရာတွင် အနာဖြစ်နေခြင်း၊ ပိုးဝင်နေခြင်း
- Keloid ဖြစ်လွယ်သူများ
- Isotretinoin ဆေးကို လွန်ခဲ့သော (၆)လ အတွင်း သောက်သုံးထားသူများ
- နေရောင်နှင့် ဓါတ်မတည့်သူများ (သို့မဟုတ်) အလင်းရောင်ကို တုန့်ပြန်မှုများစေသောဆေး ပုံမှန်သောက်သုံးနေသူများ ဖြစ်သင့်သည်ထက် ပိုမိုမျှော်မှန်းထားသူများ

## Vascular Laser မပစ်ခင် ဘာတွေပြင်ဆင်ထားသင့်သလဲ?

Aspirin ကဲ့သို့သော သွေးကျဲဆေးများ၊ ငါးကြီးဆီ (Omega 3 Fish Oil) အားဆေးများ  သောက်သုံးနေပါက ကုသမှု မခံယူမီ (၂)ပတ်ခန့်အလိုတွင် ဆေးကိုရပ်ထားရန် လိုအပ်ပါသည်။ ၎င်းဆေးများသည် သွေးခြေဥခြင်း၊ အသားရောင်ပြောင်းလဲခြင်း စသည့် ဆိုးကျိုးများကို ပို၍ဖြစ်စေသောကြောင့် ဖြစ်ပါသည်။

## ကုသမှုပြီးလျှင် ဂရုတစိုက်လိုက်နာရမည့် အချက်များ

- လေဆာပစ်ထားသော နေရာများသည် ပစ်ပြီး ၁-၂ နာရီအတွင်း နီရဲနေနိုင်ပါသည်။ အကယ်၍ သွေးခြေဥသကဲ့သို့ အညိုရောင် (သို့မဟုတ်) ခရမ်းရောင်ပြောင်းသွားလျှင် ပျောက်ကင်းရန် အချိန် (၁)ပတ် မှ (၂)ပတ်ခန့် အထိကြာမြင့်နိုင်ပါသည်။
- နာကျင်ခြင်း၊ ရောင်ရမ်းခြင်းများရှိပါက မိနစ် ၂၀ ခြား တစ်ခါ ရေခဲကပ်ပေးနိုင်ပါသည်။
- လေဆာပစ်ထားသောနေရာများသည် အလွန်ထိခိုက်လွယ်သောကြောင့် ကုသမှုခံယူနေစဉ် ကာလတစ်လျှောက်လုံး အရေပြားကို ဂရုတစိုက် ထိန်းသိမ်းပေးရန် လိုအပ်ပါသည်။ ကုသမှုရလဒ်ကိုတွေ့မြင်ရန် အနည်းဆုံး (၄)ပတ်ကြာမည်ဖြစ်ကာ ထပ်မံကုသရန် လိုအပ်ပါသည်။
- အချို့သောသူများတွင် ရေကြည်ဖုများပေါက်ခြင်း၊ အနာဖေးတက်ခြင်းများ ဖြစ်တတ်ပါသည်။ ဤကဲ့သို့ဖြစ်ပါက လက်ဖြင့်ဆွခြင်း၊ အရည်ကြည်ဖုကို ညှစ်ထုတ်ခြင်း မပြုလုပ်ရပါ။ ရေသန့်ဖြင့် ဆေးကြော၍ ပိုးသတ်ဆေးပါသော Cream (သို့မဟုတ်) Vaseline ကဲ့သို့သော အဆီလိမ်းပြီး အရေပြားကို ပိုးမဝင်စေရန် ဂရုစိုက်ရပါမည်။
- Vascular Laser ကုသမှုခံယူပြီးစတွင် သွေးကြောများကို ကျယ်စေနိုင်သော လေ့ကျင့်ခန်း အပြင်းအထန်များ မပြုလုပ်သင့်ပါ။
- ရေပူဖြင့် ရေချိုးခြင်းကို (၁)ပတ် (၂)ပတ် အတွင်း မပြုလုပ်သင့်ပါ။ ရေကြက်သီးနွေးဖြင့် ချိုးနိုင်ပါသည်။ ရေသုတ်လျှင် တဘက်ဖြင့် ပွတ်တိုက်ခြင်းကို မပြုလုပ်ရပါ။ ကုသထားသောနေရာများကို သန့်ရှင်းသော အဝတ်စဖြင့် အသာအယာ ပုတ်ကာ ခြောက်သွေ့စေရမည် ဖြစ်ပါသည်။
- ကုသမှုအပြီး (၁)ပတ်ခန့်အတွင်း နေရောင်ခြည် ဒဏ်မှကာကွယ်ရန် လိုအပ်ပါသည်။  လေဆာကုသမှုခံယူထားသော အရေပြားသည် သာမာန်ထက်ပို၍ နေရောင်ခြည်ကို တုန့်ပြန်တတ်သောကြောင့် အပြင်မထွက်ခင် မိနစ် (၂၀)ခန့်အလိုတွင် SPF 30 နှင့်အထက် နေကာလိမ်းဆေးကို ကြိုတင်လိမ်းထားပါ။ ချွေးထွက်ခြင်းကြောင့် အချိန်ကြာလာသည်နှင့်အမျှ နေရောင်ကာလိမ်းဆေး၏ အာနိသင်ပြယ်လာတတ်၍ (၄)နာရီခြား (၁)ခါ ပြန်လည်လိမ်းပေးရန်လိုအပ်ပါသည်။
- ကုသထားသောနေရာတွင် အနာဖြစ်ပေါ်လာပါက Bactoban Ointment (သို့မဟုတ်) Bacitracin ကဲ့သို့သော Cream ကိုလိမ်းပေးရပါမည်။ အနာဖေးတက်ပြီး အရေပြားယားယံပါက လက်ဖြင့် မကုတ်ရပါ။
  အနာမှ အရည်ကြည်များထွက်နေလျှင် မကပ်သောပတ်တီးစဖြင့် ပတ်ထားနိုင်ပါသည်။ သို့မဟုတ် လေသလပ်ခံ၍ ခြောက်သွေ့အောင်ထားရပါမည်။ အနာကျက်ချိန်မှာ (၁)ပတ်ခန့် ကြာမြင့်နိုင်ပါသည်။